# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၆/၂၀၀၂)

၁၃၆၄ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

( ၂၀၀၂ ခုနှစ်၊ ဇွန်လ ၁၇ ရက် )

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ပြည်တွင်းတွင် မည်သူမဆို ကျူးလွန်လျှင်ဖြစ်စေ၊ ပြည်ပတွင် မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သူက ကျူးလွန်လျှင်ဖြစ်စေ၊ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်နှင့်

လေယာဉ် တစ်ခုခုပေါ်တွင် မည်သူမဆို ကျူးလွန်လျှင်ဖြစ်စေ ဤဥပဒေ အရ စီရင်ပိုင်ခွင့်ရှိစေရမည်။

၃။ ဤဥပဒေတွင် ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဤဥပဒေနှင့် သက်ဆိုင်သည့်ပြစ်မှု** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က) နှင့် (ခ)တို့တွင် ဖော်ပြထားသည့် ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်ငွေကြေး သို့မဟုတ် ပစ္စည်းအဖြစ် ပြောင်းလဲခြင်းဆိုင်ရာ ပြစ်မှုကိုဆိုသည်။

(ခ) **တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ** ဆိုသည်မှာ ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းကြောင့် ရရှိသောငွေကြေးနှင့် ပစ္စည်းများကိုဆိုသည်။

(ဂ) **ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ** ဆိုသည်မှာ ငွေချေးလုပ်ငန်းများ၊ ချေးငွေနှင့် ပြည်သူ့ကြွေးမြီဆိုင်ရာ စာချုပ်စာတမ်းများ၊ ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြားခွင့်ပြုထားသည့် ငွေရေးကြေးရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် ယင်းအဖွဲ့အစည်းက ရင်းနှီးမြှုပ်နှံမှုပြုရန် ငွေရေးကြေးရေး အရင်းအမြစ်များကို အခြားပုဂ္ဂိုလ်များထံမှ စုစည်းလျက် ငွေကြေး သို့မဟုတ် အရင်းအနှီး ချေး

ကွက်များတွင် ကြားဝင်ပေါင်းစပ်ဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အတွင်း တည်ထောင်ထားသည့် အဖွဲ့အစည်းများကိုဆိုသည်။ ယင်းစကားရပ်တွင် ကူးသန်းရောင်းဝယ်ရေးဘဏ်များ၊ ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်များနှင့် ငွေရေးကြေးရေးကုမ္ပဏီများလည်း ပါဝင်သည်။

(ဃ) **ငွေကြေး** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေထားသည့် တရားဝင် ငွေဒင်္ဂါး၊ ငွေအကြွေနှင့် ငွေစက္ကူများ၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများဖြစ်သည့် ငွေပေးကတိစာချုပ်များ၊ ငွေလွှဲလက်မှတ်များ၊ ချက်လက်မှတ်များ၊ ငွေချေးစာချုပ်များ၊ ငွေတိုက်စာချုပ်များ၊ ကြွေးမြီအာမခံစာချုပ်များနှင့် နိုင်ငံခြားသုံးငွေများ၊ နိုင်ငံခြားသုံးငွေများနှင့် ဆက်စပ်နေသော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များကို ဆိုသည်။

(င) **ပစ္စည်း** ဆိုသည်မှာ မည်သည့်ပုံစံဖြင့်မဆို ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းကိုသော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကိုသော်လည်းကောင်းဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းနှင့်စပ်လျဉ်းသည့် အကျိုးအမြတ်၊ အခွင့်အရေးနှင့် ပိုင်ဆိုင်ခွင့်များလည်းပါဝင်သည်။

(စ) **ဗဟိုထိန်းချုပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို ထိန်းချုပ်ပြီး ထိရောက်စွာ အရေးယူနိုင်ရန်နှင့် ဆင့်ပွားပေါ်ပေါက်နိုင်သည့် ပြစ်မှုများကို ကာကွယ်ဟန့်တားနိုင်ရန်၊

(ခ) တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကိုအသုံးပြု၍ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်နိုင်ရန်၊

(ဂ) တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဆောင်ရွက်ရာတွင် မြန်မာနိုင်ငံက လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်နိုင်ရန်၊

(ဃ) တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## ဤဥပဒေနှင့် သက်ဆိုင်သည့်ပြစ်မှုများ

၅။ (က) အောက်ဖော်ပြပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှ ရရှိသော ငွေကြေးနှင့်ပစ္စည်းများကို တရားဝင်အသွင်သို့ ရောက်ရှိစေရန် တရားမဝင်သောနည်းလမ်းဖြင့်

ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ သို့မဟုတ် အသွင်ပြောင်းလဲခြင်းပြုသည့် ပြစ်မှုများသည် ဤဥပဒေနှင့်သက်ဆိုင်စေရမည်-

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ကျူးလွန်သည့်ပြစ်မှုများ၊

(၂) အမျိုးသမီးများနှင့် ကလေးများကို ရောင်းဝယ်ဖောက်ကားမှုများနှင့် တရားမဝင် လူခိုးသွင်းမှုနှင့် ခိုးထုတ်မှုများ၊

(၃) မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်မရှိဘဲ ငွေရေးကြေးရေး အဖွဲ့အစည်း၏ လုပ်ငန်းလုပ်ကိုင်မှုများ၊

(၄) ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ ခိုးယူမှုနှင့် ခိုးထုတ်မှုများ၊

(၅) လက်နက်၊ ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများကို တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုများ၊

(၆) ငွေကြေးအတု ပြုလုပ်မှု၊ သုံးစွဲမှုနှင့် လက်ဝယ်ထားမှုများ၊

(၇) လေယာဉ်၊ ရေယာဉ် သို့မဟုတ် ယာဉ်တစ်မျိုးမျိုးကို အပိုင်စီးမှုများ၊

(၈) အီလက်ထရွန်းနစ်နည်းပညာဖြင့် ကျူးလွန်သည့် ပြစ်မှုများ၊

(၉) အကြမ်းဖက်၍ ကျူးလွန်သည့်ပြစ်မှုများ၊

(၁၀) အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အခါ အားလျော်စွာသတ်မှတ်သည့် ပြစ်မှုများ၊

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်မှုများကို နိုင်ငံဖြတ်ကျော်၍ ကျူးလွန်မှုများ သော်လည်း ဤဥပဒေနှင့် သက်ဆိုင်စေရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ ပြစ်မှုများနှင့် စပ်လျဉ်း၍ ငွေကြေးနှင့် ပစ္စည်းများ၏ တန်ဖိုးပမာဏသည် ဗဟိုထိန်းချုပ်ရေးအဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၄)
## ဗဟိုထိန်းချုပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ အစိုးရအဖွဲ့သည် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များ ဖြင့် ဖွဲ့စည်းရမည် -

(က) ဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဝန်ကြီး
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာနများမှ
ဝန်ကြီးများ သို့မဟုတ် ဒုတိယဝန်ကြီးများ — အဖွဲ့ဝင်များ

(ဃ) ဒုတိယတရားသူကြီးချုပ် — အဖွဲ့ဝင်

(င) ဒုတိယရှေ့နေချုပ် — အဖွဲ့ဝင်

(စ) ဗဟိုဘဏ် ဥက္ကဋ္ဌ အဖွဲ့ဝင်

(ဆ) ညွှန်ကြားရေးမှူးချုပ်
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန အဖွဲ့ဝင်

(ဇ) ရဲချုပ်
မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အတွင်းရေးမှူး

(ဈ) ညွှန်ကြားရေးမှူးချုပ်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန တွဲဖက်အတွင်းရေးမှူး

၇။ ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများ ချမှတ်ခြင်း၊ ယင်းမူဝါဒများနှင့်အညီ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ အရေးယူ ဆောင်ရွက်ခြင်း၊

(ခ) ဤဥပဒေအရ အရေးယူဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဂ) တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းတို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ စုံစမ်း ဖော်ထုတ်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့အား ညွှန်ကြားခြင်း၊

(ဃ) စုံစမ်းစစ်ဆေးရေးအဖွဲ့ကတင်ပြသော စုံစမ်းစစ်ဆေး တွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ စိစစ်ရန် ပဏာမ စိစစ်ရေးအဖွဲ့အား ညွှန်ကြားခြင်း၊

(င) တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး၊ သတင်းအချက်အလက်များ ဖလှယ်ရေး၊ စုံစမ်းစစ်ဆေးရေး၊ အရေးယူရေး၊ စစ်ဆေး စီရင်ရေးတို့နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်း ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကိုအသုံးပြု၍ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်း ဆောင်ရွက်ခြင်း မပြုနိုင်စေရန် သက်ဆိုင်ရာအစိုးရ ဌာန၊ အဖွဲ့အစည်းများအား လမ်းညွှန်ခြင်း၊ ကြီးကြပ် ခြင်း၊

(ဆ) တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများအား ဖော်ထုတ်အရေးယူနိုင်ရန် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ အား လိုအပ်သော သင်တန်းများပေးရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဇ) မိမိအဖွဲ့၏ ဆောင်ရွက်ချက် အစီရင်ခံစာကို သတ်မှတ် ချက်များနှင့်အညီ အစိုးရအဖွဲ့သို့ တင်ပြခြင်း။

၈။ ဗဟိုထိန်းချုပ်ရေးအဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပုဒ်မ ၅၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှရရှိသော ငွေကြေးနှင့် ပစ္စည်းများ၏

တန်ဖိုးပမာဏကို သတ်မှတ်ခြင်း၊ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်း၊

(ခ) ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ သတင်းပို့ရမည့် ငွေကြေးနှင့် ပစ္စည်းများ၏ တန်ဖိုးပမာဏကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ပဏာမစိစစ်ရေးအဖွဲ့တို့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ ယင်းအဖွဲ့များအား လိုအပ်သောငွေကြေးနှင့် တတ်ကျွမ်းမှု နည်းပညာ အထောက်အပံ့များပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊ ဝင်ရောက် ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့အား တာဝန်ပေးအပ်ခြင်း၊

(င) သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းထားသော ပစ္စည်းကို ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ထားရန် ခွင့်ပြုသည့် အမိန့်ချမှတ်ခြင်း၊ ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(စ) စုံစမ်းစစ်ဆေးရေးအဖွဲ့က သက်ဆိုင်ရာဘဏ်နှင့် ငွေရေး ကြေးရေးအဖွဲ့အစည်းများရှိ တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခွင့်၊ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများ စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ်

ရှာဖွေသိမ်းဆည်းခွင့်ပြုရန် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား အမိန့်ထုတ်ဆင့်ခြင်း၊

(ဆ) တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်း မပြုရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား တားမြစ်မိန့်ထုတ်ဆင့်ခြင်း၊ ချိတ်ပိတ်ထားရန် ညွှန်ကြားခြင်း၊

(ဇ) ပုဒ်မခွဲ (စ) အရ ထုတ်ဆင့်သည့် အမိန့်ကိုလည်းကောင်း၊ ပုဒ်မခွဲ (ဆ) အရ ထုတ်ဆင့်သည့် တားမြစ်မိန့်နှင့် ချိပ်ပိတ်ထားရန် ညွှန်ကြားချက်တို့ကိုလည်းကောင်း ရုပ်သိမ်းခြင်း၊

(ဈ) တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ချမှတ်ခြင်း၊

(ည) တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများနှင့်စပ်လျဉ်း၍ သတင်းပေးသူအား လိုအပ်သော အကာအကွယ်ပေးခြင်းနှင့် ထိုက်သင့်သည့် ဆုငွေချီးမြှင့်ခြင်း၊

(ဋ) ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် ကျွမ်းကျင်သူများပါဝင်သော ရုံးအဖွဲ့ကို ဖွဲ့စည်းထားရှိခြင်း။

## အခန်း (၅)
## စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ ဗဟိုထိန်းချုပ်ရေးအဖွဲ့သည် -

(က) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို စုံစမ်းဖော်ထုတ်နိုင်ရန်အလို့ငှာ အဖွဲ့ဝင် သုံးဦးထက် မနည်းပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ ကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များ ကို ပုံသေမထားရှိဘဲ ကိစ္စရပ်အလိုက်ဖြစ်စေ၊ အချိန် ကာလသတ်မှတ်၍ဖြစ်စေ ပြောင်းလဲဖွဲ့စည်းရမည်။

၁၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ ညွှန်ကြားချက်အရ စုံစမ်းထောက်လှမ်းခြင်း၊ စစ်ဆေးခြင်းပြုရာတွင် သတ်မှတ်ချက်များနှင့်အညီ -

(က) လိုအပ်သော စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်နိုင် သည်။

(ခ) စုံစမ်းစစ်ဆေးခြင်းခံရသူထံမှဖြစ်စေ၊ အခြားပုဂ္ဂိုလ် တစ်ဦးဦးထံမှဖြစ်စေ၊ အစိုးရဌာန၊ အဖွဲ့အစည်းများ ထံမှဖြစ်စေ၊ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း များထံမှဖြစ်စေ လိုအပ်သောအထောက်အထားများကို တောင်းယူစစ်ဆေးနိုင်သည်။

(ဂ) စုံစမ်းစစ်ဆေးခြင်းခံရသူကိုဖြစ်စေ၊ အခြားလိုအပ်သည့် ပုဂ္ဂိုလ်များကိုဖြစ်စေ ဆင့်ဆို၍ စစ်ဆေးနိုင်သည်။

(ဃ) စုံစမ်းစစ်ဆေးခြင်းခံရသူ၏ အဆောက်အအုံ၊ မြေနှင့် လုပ်ငန်းနေရာတို့ကို ဝင်ရောက်ကြည့်ရှု စစ်ဆေးခွင့်၊ ရှာဖွေခွင့်၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ရှိသည်။

(င) တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများမှ ဆင်းသက်လာပြီး အခြားသူ၏ အမည်ခံထားသော အဆောက်အအုံ၊ မြေနှင့်လုပ်ငန်းနေရာ တစ်ခုခုကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်၊ ရှာဖွေခွင့်၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ရှိသည်။

၁၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် -

(က) စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ အစီရင်ခံရမည်။

(ခ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် (င) အရ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းကိစ္စကို သတ်မှတ်ချက်များနှင့်အညီ ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့တင်ပြရမည်။

(ဂ) စုံစမ်းစစ်ဆေးသည့် ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရှိရမည်။

၁၂။ ဗဟိုထိန်းချုပ်ရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို လက်ခံရရှိသည့်အခါ လိုအပ်သည်ဟုယူဆလျှင် စုံစမ်းစစ်ဆေးမှုတစ်ရပ်လုံးကိုဖြစ်စေ၊ လိုအပ်သောအချက်အလက်များကိုဖြစ်စေ မူလစုံစမ်းစစ်ဆေးရေးအဖွဲ့ကိုသော်လည်းကောင်း၊ အသစ်ဖွဲ့စည်းသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုသော်လည်းကောင်း ထပ်မံတာဝန်ပေးလျက် စုံစမ်းစစ်ဆေး စေနိုင်သည်။

## အခန်း ( ၆ )

## ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၃။ ဗဟိုထိန်းချုပ်ရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအရ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ စိစစ်တင်ပြနိုင်ရေးအတွက် ပဏာမစိစစ်ရေးအဖွဲ့ကို ဒုတိယဝန်ကြီးတစ်ဦးအား ဥက္ကဋ္ဌအဖြစ် ပါဝင်စေလျက် အနည်းဆုံးအဖွဲ့ဝင်သုံးဦးဖြင့် ဖွဲ့စည်းရမည်။

၁၄။ ပဏာမစိစစ်ရေးအဖွဲ့သည် -

(က) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းခံရသူအား အကြောင်းကြားပြီး ခုခံချေပခွင့်ပေးရမည်။

(ခ) စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ လိုအပ်သည့် ပုဂ္ဂိုလ်များကို ဆင့်ဆိုစစ်ဆေး၍ လိုအပ်သည့် သက်သေခံချက်များ ရယူနိုင်သည်။

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့် ခုခံချေပချက်တို့ကို သုံးသပ်ပြီး မိမိ၏ စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထားမှတ်ချက်များနှင့်အတူ ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ဃ) စုံစမ်းစစ်ဆေးသည့်ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရှိရမည်။

## အခန်း (၇)

## အယူခံခြင်းနှင့်ပြင်ဆင်ခြင်း

၁၅။ စုံစမ်းစစ်ဆေးခြင်းခံရသူသည် ဗဟိုထိန်းချုပ်ရေးအဖွဲ့က ချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိပါက ယင်းအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း အစိုးရအဖွဲ့သို့ အယူခံနိုင်သည်။

၁၆။ အစိုးရအဖွဲ့သည် ဗဟိုထိန်းချုပ်ရေးအဖွဲ့က ချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသူ၏ အယူခံလျှောက်ထားချက်အရသော်လည်းကောင်း၊ မိမိ၏ သဘောထားအရသော်လည်းကောင်း၊ ယင်းအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ လိုအပ်ပါက ပြန်လည်စုံစမ်းစစ်ဆေးစေပြီး သင့်လျော်သည့် အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း ပြုနိုင်သည်။

၁၇။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၈)

## ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၏လုပ်ငန်းတာဝန်များ

၁၈။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် -

(က) ငွေစာရင်းဖွင့်လှစ်သူများ၊ ငွေသွင်းငွေထုတ်ပြုလုပ်သူများနှင့် ငွေကြေးလွှဲပြောင်းသူများ၏ အမည်၊ နေရပ်လိပ်စာနှင့် မှတ်ပုံတင်အမှတ် သို့မဟုတ် နိုင်ငံကူးလက်မှတ်များကိုလည်းကောင်း၊ ငွေစာရင်းဖွင့်လှစ်ခြင်း၊ ငွေသွင်းငွေထုတ်ပြုလုပ်ခြင်းများနှင့်စပ်လျဉ်း၍ လိုအပ်သော အချက်အလက်များကိုလည်းကောင်း သတ်

မှတ်ချက်များနှင့်အညီရယူ၍ စိစစ်ပြီး မှတ်တမ်းတင်ထားရမည်။

(ခ) ငွေစာရင်းဖွင့်လှစ်ခြင်းကိစ္စများကို သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်မှုများ ပြီးဆုံးပြီးနောက် အထောက်အထားများ၊ ငွေစာရင်းများနှင့် မှတ်တမ်းများကို အနည်းဆုံး ငါးနှစ်ကြာသည်အထိ ထိန်းသိမ်းထားရှိရမည်။

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့အား ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခွင့်ပြုရမည်။

(ဃ) တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများကို စုံစမ်းစစ်ဆေးခြင်း၊ အရေးယူခြင်းပြုနေသည့်ကာလအတွင်း ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ထုတ်ပေးခြင်း သို့မဟုတ် လွှဲပြောင်းခြင်းမပြုရ။

(င) စုံစမ်းစစ်ဆေးမှုနှင့်သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းခြင်းမပြုရ။

## အခန်း ( ၉ )

## သတင်းပို့ရန်တာဝန်များ

၁၉။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် -

(က) ဘဏ်လျှို့ဝှက်ချက်နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ဗဟိုထိန်းချုပ်ရေးအဖွဲ့က သတ်မှတ်သည့် ငွေပမာဏထက် ကျော်လွန်သောငွေကြေးကိုသွင်းခြင်း၊ ထုတ်ခြင်းနှင့် လွှဲပြောင်းခြင်းတစ်ရပ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ သတင်းပို့ရမည်။ သို့ရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဓလေ့ထုံးတမ်းဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ အမွေဆက်ခံခွင့်နှင့်အညီ လွှဲပြောင်းပေးခြင်း၊ ဆက်ခံခြင်းတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) သာမန်ထက်ပိုမိုထူးခြားသော သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသော လွှဲပြောင်းမှုတစ်ရပ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ သတင်းပို့ရမည်။

၂၀။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့် ယင်းလက်အောက်ရှိ ဌာနအသီးသီး မှ တာဝန်ရှိသူများသည် မရွှေ့မပြောင်းနိုင်သောပစ္စည်းများလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ စာချုပ်စာတမ်းများ မှတ်ပုံတင်ကိစ္စဆောင်ရွက်ရာတွင် -

(က) ဗဟိုထိန်းချုပ်ရေးအဖွဲ့က သတ်မှတ်သည့် ငွေပမာဏထက်ကျော်လွန်သောပစ္စည်းအား လွှဲပြောင်းခြင်းတစ်ရပ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ နှောင့်နှေး

ကြန့်ကြာမှုမရှိစေဘဲ ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ သတင်းပို့ရမည်။ သို့ရာတွင် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ ဓလေ့ထုံးတမ်းဥပဒေတစ်ရပ်ရပ်အရဖြစ်စေ အမွေဆက်ခံခွင့်နှင့်အညီ လွှဲပြောင်းခြင်း၊ ဆက်ခံခြင်းတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) သာမန်ထက် ပိုမိုထူးခြားသော သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသော လွှဲပြောင်းမှုတစ်ရပ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ သတင်းပို့ရမည်။

၂၁။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ တာဝန်ရှိသူသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့်ပုဂ္ဂိုလ်တစ်ဦးဦးက ပြည်တွင်းသို့ ယူဆောင်လာသော နိုင်ငံခြားသုံးငွေကို တည်ဆဲဥပဒေအရ မိမိထံသို့ ကြေညာရာတွင် ဗဟိုထိန်းချုပ်ရေးအဖွဲ့က သတ်မှတ်သည့်ငွေပမာဏထက် ကျော်လွန်ပါက သတ်မှတ်ချက်များနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ သတင်းပို့ရမည်။

## အခန်း (၁၀)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၂။ မည်သူမဆို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုလည်း ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံး ၁၀ နှစ်မှ အများဆုံးနှစ်အကန့်အသတ်မရှိ ထောင်ဒဏ်အထိ ချမှတ်ရမည် -

(က) ပြစ်မှုကျူးလွန်ရာမှရရှိလာသော ငွေကြေးနှင့်ပစ္စည်းများကို အရေးယူခြင်းမပြုနိုင်စေရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေကြေးနှင့်ပစ္စည်းများကို တရားဝင်အသွင်သို့ ရောက်ရှိစေရန် ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ အသွင်ပြောင်းခြင်း။

၂၃။ မည်သူမဆို ပုဒ်မ ၂၂ ပါ ပြစ်မှုတစ်ရပ်ရပ်မှအပ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှ ရရှိသော ငွေကြေးနှင့်ပစ္စည်းတစ်ရပ်ရပ်ကို တရားဝင်အသွင်သို့ ရောက်ရှိစေရန် ပြောင်းလဲကြောင်း၊ လွှဲပြောင်းကြောင်း၊ ဖုံးကွယ်ကြောင်း၊ ဖျောက်ဖျက်ကြောင်း သို့မဟုတ် အသွင်ပြောင်းလဲကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၄။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူ မည်သူမဆို ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ယင်းပြုလုပ်မှုတစ်ရပ်ရပ်အတွက် ထိုသူအား ထောင်ဒဏ် အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဂ) နှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့က တရားဝင်တာဝန်ထမ်းဆောင်ခြင်းကို ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်၍ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ထုတ်ပေးခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ဂ) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (င) ပါ တားမြစ်ချက်ကို ဖောက်ဖျက်၍ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းခြင်း။

၂၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦးသည် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုပြုရာတွင် အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံးသုံးနှစ်မှ အများဆုံးခုနစ်နှစ်အထိ ချမှတ်မည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ တံစိုးလက်ဆောင်အဖြစ် ငွေကြေးပစ္စည်း တစ်စုံတစ်ရာကို တောင်းခံခြင်း သို့မဟုတ် လက်ခံရယူခြင်း၊

(ခ) ပြစ်မှုကျူးလွန်သူအား အရေးယူခြင်းမပြုနိုင်စေရန် ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူကို အရေးမယူဘဲ ထိမ်ချန်ခြင်း၊

(ဂ) တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းကို အရေးယူခြင်းမပြုနိုင်စေရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်း။

၂၆။ မည်သူမဆို တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများနှင့်စပ်လျဉ်း၍ ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့်ကာလ အတွင်း ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်းမပြုရန် ဗဟိုထိန်းချုပ်ရေးအဖွဲ့က ထုတ်ဆင့်ထားသောတားမြစ်မိန့်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၇။ မည်သူမဆို ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့်ကာလ အတွင်း ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်အရ ခံဝန်ချုပ်ဖြင့် ပြန်လည် အပ်နှံထားသည့်ပစ္စည်းကို ဖျက်ဆီးကြောင်း သို့မဟုတ် ပျက်စီးစေရန် ရည်ရွယ်၍ ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင် သည်။

၂၈။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူ မည်သူ မဆို အောက်ပါပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ လုပ်ငန်း တာဝန်တစ်ရပ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ ထမ်းဆောင်ရန် ပျက်ကွက်ခြင်း၊

(ခ) ပုဒ်မ ၁၉ အရ သတ်မှတ်ချက်များနှင့်အညီ ဗဟို ထိန်း ချုပ်ရေးအဖွဲ့သို့ သတင်းပို့ရန် ပျက်ကွက်ခြင်း။

၂၉။ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် ယင်းလက်အောက်ရှိ ဌာနအသီးသီး၏ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၂၀ အရ သတ်မှတ်ချက်များနှင့်အညီ ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၀။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၂၁ အရ သတ်မှတ်ချက်များနှင့်အညီ ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၁။ မည်သူမဆို မမှန်သောအမည်ဖြင့် ငွေစာရင်းဖွင့်လှစ်ခြင်း၊ ငွေသွင်းငွေထုတ်ပြုလုပ်ခြင်း၊ ငွေကြေး လွှဲပြောင်းခြင်းပြုကြောင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန် ပုဂ္ဂိုလ်တစ်ဦးဦးအား အခွင့်အာဏာ လွှဲအပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၁-က။ မည်သူမဆို ဤဥပဒေအရ ပေးပို့သည့် သို့မဟုတ် ပေးပို့ရန်ရှိသည့် သတင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ သာမန်ထက်ပိုမိုထူးခြားသော သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းမှုအတွက် ပေးပို့သော သတင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဤဥပဒေအရ စုံစမ်းစစ်ဆေးသည့် သို့မဟုတ် စုံစမ်းစစ်ဆေးရန်ရှိသည့်သတင်း သို့မဟုတ် ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ဖြစ်စေ သတင်းပေးပို့ခြင်းနှင့် သက်ဆိုင်သူအမှုသည်အပါအဝင် အခြားသူတစ်ဦးဦးကို ထုတ်ဖော်ပြောဆိုကြောင်း၊ ပြသကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အသိပေးကြောင်း ပြစ်မှု

ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

သို့ရာတွင် ဤပုဒ်မသည် အမှုစစ်အရာရှိ၊ ရှေ့နေရှေ့ရပ်၊ နိုင်ငံတော်ရှေ့နေ၊ ဥပဒေပညာဖြင့်အသက်မွေးဝမ်းကျောင်းပြုသူ၊ စာရင်းကိုင် သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးက ဥပဒေနှင့်အညီ ဆောင်ရွက်ရာတွင် အမှုသည်ကိုဖြစ်စေ၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ တာဝန်အရ သတင်းအချက်အလက် သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ထုတ်ဖော်ပြောဆိုခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။[၁]

၃၂။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်းပြုလျှင် ဖြစ်စေ၊ ပြစ်မှုတစ်ခုခု ကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ ငွေကြေး ထောက်ပံ့ခြင်းပြုလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

## အခန်း (၁၁)

## အထွေထွေ

၃၃။ စုံစမ်းစစ်ဆေးခြင်းခံရသူသည် စုံစမ်းစစ်ဆေးခြင်းခံရသည့် ငွေကြေးနှင့် ပစ္စည်းများကို တရားဝင် မည်သို့ရရှိကြောင်း သို့မဟုတ် မည်သည့်ဝင်ငွေဖြင့် ရရှိကြောင်းကို ခိုင်လုံသော အထောက်အထားများ ဖြင့် သက်သေထင်ရှားပြသရန် တာဝန်ရှိသည်။

၃၄။ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းခံရသူမဟုတ်ဘဲ အခြားပုဂ္ဂိုလ်တစ်ဦး

---

၁။ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ဥပဒေအမှတ် ၈/၂၀၀၄ (၂-၁၁-၂၀၀၄) ဖြင့် ဖြည့်စွက်ထည့်သွင်းသည်။

ဦးက ထိုငွေကြေးနှင့်ပစ္စည်းများကို သဘောရိုးဖြင့် အဖိုးစားနားပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားခြင်းဖြစ်ကြောင်း သက်သေထင်ရှား တင်ပြနိုင်ပါက ထိုပုဂ္ဂိုလ်၏အခွင့်အရေးကို ထိခိုက်ခြင်းမရှိစေရ။

၃၅။ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ သို့မဟုတ် ပုဒ်မ ၂၁ အရ သတင်းပို့သူသည် သဘောရိုးဖြင့် တာဝန်အရ သတင်းပို့ခြင်းကြောင့် ပုဂ္ဂိုလ်တစ်ဦးဦးကို ထိခိုက်နစ်နာမှုဖြစ်စေကာမူ ထိုသတင်းပို့သူအား တရားမကြောင်းအရ ဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူခြင်းမပြုရ။

၃၆။ (က) စုံစမ်းစစ်ဆေးခြင်းခံရသူအား တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများအတွက် ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသည် ဝင်ငွေခွန် ဥပဒေအရဖြစ်စေ၊ အမြတ်ခွန် ဥပဒေအရဖြစ်စေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရဖြစ်စေ၊ အကောက်ခွန် ဥပဒေအရဖြစ်စေ အခြား တည်ဆဲဥပဒေတစ်ရပ်ရပ် အရဖြစ်စေ ယင်းငွေကြေးနှင့် ပစ္စည်းများနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်နေခြင်းကို ဆိုင်းငံ့ထားရမည်။

(ခ) ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေး တွေ့ရှိချက်အရ ဗဟိုထိန်းချုပ်ရေးအဖွဲ့က အမိန့်ချမှတ်ပြီးသည့်အခါ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသည် သတ်မှတ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၃၇။ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ကို ဤဥပဒေအရ အရေးယူသည့်ကိစ္စများတွင် ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊

သက်သေခံ ပစ္စည်းအဖြစ်သိမ်းဆည်းခြင်း၊ ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ခြင်း၊ စုံစမ်းစစ်ဆေးသည့်ကာလအတွင်း မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို တားမြစ်ခြင်း၊ ချိပ်ပိတ်ခြင်း၊ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများတွင်ရှိသော ငွေရေးကြေးရေးဆိုင်ရာမှတ်တမ်းများကို ကြည့်ရှုခြင်းနှင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းတို့နှင့် စပ်လျဉ်း၍ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၈။ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှရရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းအား -

(က) ဤဥပဒေ စတင်အာဏာတည်ပြီးနောက် ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းကြောင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများနှင့်သက်ဆိုင်သော ပြစ်မှုများကို ဤဥပဒေအရသာ အရေးယူရမည်။

(ခ) ဤဥပဒေ စတင်အာဏာမတည်မီက ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းကြောင့် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများနှင့် သက်ဆိုင်သော ပြစ်မှုများကို ဤဥပဒေအရ အရေးယူခြင်းမပြုရ။

၃၉။ (က) ပုဒ်မ ၅၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုမဟုတ်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်

သက်ဆိုင်ရာ တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ အရေးယူရမည်။

(ခ) ပုဒ်မခွဲ (က) အရ အရေးယူ၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးသော သက်သေခံပစ္စည်းကို ဤဥပဒေအရ အရေးယူခြင်း မပြုရ။

၄၀။ ဤဥပဒေအရ ပြစ်မှုဖြင့် တရားစွဲဆိုရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၄၁။ ဤဥပဒေအရ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုထိန်းချုပ်ရေးအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ